အိပ်မက်ဆိုးနှင့်

# ချောက်ချားဖွယ် ညတစ်ည

စောကြည်ဖြူ

(သုခချမ်းသာ)



## "အိပ်မက်ဆိုးနှင့် ချောက်ချားဖွယ်ရာ ညတစ်ည"

ကျွန်တော် နာမည်က ကိုပိုင်ပါ။

လူအများက ငပိုင် ကိုပိုင်ဟု သာ ခေါ် ကြ၍ ကျွန်တော့်နာမည် အရင်းဖြစ်သော ကျော်သူရ ဟူသော နာမည်သည် လုံးဝ ပျောက်ကွယ် နေလေ၏။

ကျွန်တော့်ကို ခင်ဗျားတို့ မှတ်မိလားဗျ၊ မမှတ်မိသေးဘူး၊ မသိသေး ဘူး ဆိုရင် ကျွန်တော် ရေးတဲ့ (သစ်ပင်အောက်က လူတစ်စုဆိုတဲ့ ပရဝ ဏ္ဍုတိုလေးကို ဖတ်ကြည့်ပါဗျ။)

ခုက ကျွန်တော်က ဘားအံမှာ ဗျ၊ ကျောင်းလည်း ထွက်လိုက်ပြီဆို တော့ ကျွန်တော့်ရဲ့ ဇာတိဖြစ်တဲ့ ဘားအံမှာ ပဲ လာနေဖြစ်တာဗျ။

ဒီမှာ ကျတော့ ရော်ဘာတောလည်း ရှိတော့ အလုပ်နဲ့ လက်နဲ့ မပြတ် ဘူးပေါ့ဗျာ။

ရော်ဘာတော ဆိုတော့ ... ရော်ဘာ ခြစ်ရတယ်။

ရော်ဘာက ညဘက်ခြစ်ရတယ်ဗျ၊ ညဘက် ရော်ဘာခြစ် နေ့ဘက် ကျတော့ မနက် အစောကြီးထပြီး အကြော် ထကြော်ရတာပေါ့ဗျာ။

အကြော် ဆိုတာကလည်း ... အီကြာကွေး ပဲကြော် ကြက်သွန်ကြော် စသည် ဖြင့် အကြော်(၁၀)မျိုးလောက်ကို မနက်စျေးအမီ ကြော်ရတာဗျ။

အဲ မနက် အကြော် ကြော်ပြီးတာနဲ့ ရေချိုး ထမင်းစားပြီး အိပ်။ ကျွန်တော် အိပ်ရာနိုးရင် အနည်းဆုံး နေ့လယ် (၂)နာရီဆို နိုးပြီဗျ။

အိပ်ရာက ထတာနဲ့ ရေချိုး ထမင်းကို နည်းနည်းစား၊ ပြီးတာနဲ့ ရွာထဲပတ်လည် သူငယ်ချင်း လိုက်စုပေ့ါဗျာ။ အဟဲ သူငယ်ချင်းလည်း စုပြီးရော နေလည်း စောင်းရောဗျို့ … ထိုအချိန်ဆိုရင် ခင်ဗျားတို့ သိတဲ့အတိုင်းပေ့ါဗျာ … ယောကျ်ားတို့ သဘာဝ နေညိုရင် လေပျို့တာပေ့ါဗျာ … .။

လေပျို့ပြီဆိုတာနဲ့ သူငယ်ချင်းတစ်စု ရွာရှေ့ဘက်မှာ ရှိတဲ့ ထန်းတောကို သွားတာပေ့ါဗျာ။

ထန်းရည် သောက်ပြီးတာနဲ့ အိပ်ပြန်ပြီး ခဏအိပ်၊ အိပ်ရာနိုးတာနဲ့ အမှုးလည်း ပြေလောက်ပြီ ဆိုတာနဲ့ ရော်ဘာခြစ်တံယူကာ ခေါင်းစွပ်ဓာတ်မီးကို ခေါင်းမှာ စွပ်ပြီး ပလိုင်းတစ်လုံး နောက်ကျောမှာ လွယ်ပြီး ရော်ဘာခြံရှိရာ ရွာတောင်ဘက်သို့ ထွက်ခဲ့တော့သည် ။

ပုံမန် လုပ်နေကျအတိုင်း ရော်ဘာစေးခြစ်၊ ရော်ဘာစေးခြစ်လိုက် မောရင်နားလိုက် စသည် ဖြင့် အလုပ်ထဲတွင် မုဝင်နေ၍ ပတ်ဝန်းကျင်ကို ဂရုမစိုက်ချေ။

ညသည် တဖြည်းဖြည်းနဲ့ ညသန်းခေါင်ယံသို့ ရောက်လာခဲ့လေပြီ။ တောထဲမှာ ဖြစ်သည် တစ်ကြောင်း၊ ရွာပြင်မှာ ဖြစ်နေသည် ကြောင့် လေအေးများ တိုက်ခတ် နေလေသည် ။

လေအေး တိုက်နေသည် မို့ အလုပ် လုပ်ရသည် မှာ စိတ်ချမ်းသာ လှပေသည် ။ ထိုအခိုက် … "တူ … တူ … တူ … … အတူနားမှာ မင်းလေးရှိတဲ့ အချိန် ပီတိများ နဲ့ ရင်တွေခုန် … …" စသော သီချင်းအသံဖြင့် ဖုန်းဝင် လာလေသည် ။

ဖုန်းကို ကြည့်လိုက်ရာ ကျွန်တော်တို့ ရဲ့ မြောက်ဘက် ရော်ဘာခြံက ဦးကျော်နိုင်ရဲ့ ဖုန်း ဖြစ်နေလေသည် ။

"ဟဲလို ... ငပိုင်လား ... အေး ... မင်းဒီနေ့ နှစ်ယောက်တောင် ရော်ဘာ လာခြစ်တာလားဟ"

ဦးကျော်ရဲ့ အပြောကြောင့် ကျွန်တော် မျက်စိလည် သွားသည် ။

အကြောင်းမှာ မူ ... ကျွန်တော် တစ်ယောက်တည်း အမြဲ ရော်ဘာ ခြစ်နေကျကို ခုမှ နှစ်ယောက်တောင် လာခြစ်တာလား ဆိုပြီး ဖုန်းဆက် မေး နေသောကြောင့် ဖြစ်လေသည် ။

ကျွန်တော်က "ဟာ ... ဦးကျော်ကလည်း ပေါက်ပေါက်ရှာရှာဗျာ ... အရင်ကတည်းက ကျွန်တော် တစ်ယောက်တည်း အမြဲ ရော်ဘာ ခြစ်နေကျကို ဘယ်လိုလုပ် နှစ်ယောက် ဖြစ်ရမှာ လည်း ကျွန်တော်မှ ကျွန်တော် တစ်ယောက်တည်းဗျ"

ဟု ပြန်ဖြေ လိုက်လေ၏။

"ဟမ် ... ငါ ဒီဘက်က ကြည့်တာ မီးရောင်နှစ်ခု တွေ့နေရတာကွ၊ ငါ လည်း သေချာအောင် ဆိုပြီး မှန်ပြောင်းနဲ့ လှမ်းကြည့် ကြည့်တာကွ၊ မင်း တစ်ယောက်တည်း မဟုတ်ဘူး ဟ မင်း ရော်ဘာခြစ်နေတဲ့ တစ်ပင် ကျော်မှာ နောက်တစ်ယောက် ရော်ဘာ ခြစ်နေတာ ငပိုင်ရ"

"ဗျာ ... ..."

ဦးကျော်ရဲ့ စကားကြောင့် ဗျာ တစ်လုံးသာ ပြန်ပြောနိုင်ပြီး ဘေး ပတ်ဝန်းကျင်ကို ချာလပတ်ယမ်းအောင် သေချာကြည့်တော့လည်း လူနဲ့ တူတာဆို ဘာမှ မတွေ့သလို၊ လကွယ် ည၏ သဘာဝအတိုင်း မှောင်မိုက်နေသာ ပတ်ဝန်းကျင်တွင် ရော်ဘာပင်တွေမှ အခြား ဘာမှ

ကို မတွေ့ရချေ။

ဒါနဲ့ ကျွန်တော်လည်း လေအေးတိုက်တိုင်း ကြက်သည်းတို့ တဖြန်းဖြန်း ထနေသည် မို့ ရော်ဘာ ဆက်ခြစ်မရဲတော့ဘဲ ... ဦးကျော်တို့ ခြံသို့ အပြေးအလွှား သွားခဲ့မိတော့သည် ။

ဦးကျော်တို့ ခြံကို ရောက်သည့် အခါ ... ကျွန်တော်တို့ ခြံဘက်သို့ လှမ်းကြည့်ရာ ... ကျွန်တော်၏ မျက်လုံးသည် အဆမတန် ပြူးထွက်သွားရသည် ။

ခေါင်းပေါ်က ဆံပင်တို့ သည် ထောင်သွားသကဲ့သို့ ဖြစ်သွားရသည် ၊ မြင်လိုက်ရသည့် မြင်ကွင်းကလည်း ကျွန်တော့်အတွက် ထိတ်လန့်တုန်လှုပ်စရာ ဖြစ်နေလေ၏။

ကျွန်တော် မြင်လိုက်ရသည် က ... ခုနက ကျွန်တော် ရော်ဘာခြစ်နေသော သစ်ပင်၏ တစ်ပင်အကျော်၌ လူတစ်ယောက်သည် ခေါင်းစွပ်ဓာတ်မီးကို ခေါင်းမှာ စွပ်ကာ ရော်ဘာပင်ကို အားပါးတရ ခြစ်နေလေသည် ။

ထိုမျှနဲ့ မယုံသေးသော ကျွန်တော်သည် ဦးကျော်လက်ထဲက မှန်ပြောင်းကို ဆွဲလုကာ ကျွန်တော် ခြံဘက်သို့ ထပ်ကြည့်မိလေသည် ။

ကျွန်တော် ဘယ်နှခါ ဘယ်နှကြိမ် ကြည့်ပေမဲ့ မြင်ကွင်းသည် ပြောင်းမသွား။ ထိုခြံထဲမှ လူသည် လည်း အားပါးတရ ရော်ဘာခြစ်နေဆဲ တစ်ကိုယ်လုံး ထူပူလာကာ အဖျားတက်ချင်သလို ဖြစ်သွားကာ အံ့သြလွန်း၍ မှ င်တက်နေသော ကျွန်တော့်ကို ဦးကျော်က ခန္ဓာကိုယ်ကို ရိုက်ပုတ်၍ နှိုးလိုက်မှ ပစ္စုပ္ပန်ကာလသို့ ကျွန်တော် အသိဝင်လာ တော့သည် ။

ထိုနေ့ညသည် ချောက်ချောက်ချားချားဖြင့် ပြီးဆုံးသွားပေမဲ့လည်း ကျွန်တော်၏ ဘဝ၌ မမေ့နိုင်သော အမှတ်တရ တစ်ခု ဖြစ်လေတော့သည်။

***